# တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ

## နောက်ခံအကြောင်းနှင့် ရည်ရွယ်ချက်

ဤဆောင်းပါးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရရှိသောအချက်အလက်ရင်းမြစ်များကို အသုံးပြု၍ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအသီးသီး၏ ပါတီ၊ အသက်အရွယ်၊ ဘာသာ၊လူမျိုးအလိုက် နောက်ခံအချက်အလက်များကို အကျဉ်းအားဖြင့် သုံးသပ်ထားပါသည်။

လျင်မြန်စွာပြောင်းလဲလျက်ရှိသော မြန်မာ့နိုင်ငံရေးအပြောင်းအလဲကာလတွင် တိုင်း/ပြည်နယ် အစိုးရအဖွဲ့နှင့် တိုင်း/ပြည်နယ်လွှတ်တော်များသည် ခိုင်မာအားကောင်းသော ဒီမိုကရေစီစနစ်နှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးတို့တွင် အလွန်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ၊ ပုဒ်မ ၂၆၁ အရ တိုင်း/ပြည်နယ်လွှတ်တော်များသည် မိမိတို့သက်ဆိုင်ရာ တိုင်း/ပြည်နယ်ဝန်ကြီးချုပ်ကို ရွေးချယ်ခန့်အပ်ပိုင်ခွင့်မရရှိသည့်အတွက် လွှတ်တော်က အစိုးရအဖွဲ့ များကို အပြန်အလှန်ထိန်းကျောင်းနိုင်သည့်အခြေအနေတစ်ရပ်ကို ကောင်းစွာမရရှိသေးသော်လည်း တိုင်း/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မဲပေးရွေးချယ်၍ မိမိတို့တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌများကို ခန့်အပ်ပိုင်ခွင့်ရှိသည်။

တိုင်း/ပြည်နယ်လွှတ်တော်လွှတ်တော်ဥက္ကဋ္ဌများသည် လွှတ်တော်ပုံမှန်အစည်းအဝေး၊ အထူးအစည်းအဝေးနှင့်အရေးပေါ်အစည်းအဝေးများကျင်းပရေးကို ကြီးမှူးဆောင်ရွက်သည်။ ၎င်းသည် နိုင်ငံတော်သမ္မတ (သို့မဟုတ်) တိုင်း/ပြည်နယ်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် မိန့်ခွန်းပြောကြားရန် ဆန္ဒရှိပါက မိမိတို့ သက်ဆိုင်ရာလွှတ်တော်သို့ ဖိတ်ခေါ်ကာ စီစဉ် ဆောင်ရွက်နိုင်သည်။ ထိုနည်းတူပင် လွှတ်တော်ဥက္ကဋ္ဌသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော တိုင်း/ပြည်နယ်အဆင့်အဖွဲ့များ၊ ယင်းအဖွဲ့၏ ကိုယ်စားလှယ်များကို လွှတ်တော် အစည်းအဝေးများသို့ တက်ရောက်ခွင့်ပြုနိုင်သည်။

ဤဆောင်းပါးပါ လွှတ်တော်ဥက္ကဋ္ဌများ၏ နောက်ခံအချက်အလက်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ရရှိပါသည်။ ယခုအခါ တိုင်း/ပြည်နယ်လွှတ်တော်များသည် များစွာအရေးပါလာသည့်အလျောက် လွှတ်တော်၏လုပ်ငန်းရပ်များကို ကြီးမှူးဆောင်ရွက်ကြသည့် ယင်းလွှတ်တော်ဥက္ကဋ္ဌများ၏ နောက်ခံ အချက်အလက်များကို ဤဆောင်းပါးရှင်က ပိုင်းခြားစိတ်ဖြာ၍ သုံးသပ်ပေးလိုသည့် ရည်ရွယ်ရင်း ဖြစ်သည်။

## လေ့လာဆန်းစစ်ချက်

**နိုင်ငံရေးပါတီနှင့်ကျား/မပါဝင်မှု**

တိုင်း/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ (၁၄) ဦးရှိသည့်အနက် (၁၂) ဦးသည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှဖြစ်သည်။ အခြားနှစ်ဦးမှာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှဖြစ်ပြီး ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ရခိုင်အမျိုးသားပါတီမှဖြစ်ကြသည်။

ကျား/မ ပါဝင်မှုအနေဖြင့် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတစ်ဦးသာ အမျိုးသမီးဖြစ်ရာ လွှတ်တော်ဥက္ကဋ္ဌရာထူးနေရာတွင် အမျိုးသားများကသာ လွှမ်းမိုးမှုရှိဆဲဖြစ်ကြောင်း သုံးသပ်နိုင်သည်။

| State/ Region | Name | Gender | Party | Age |
|---|---|---|---|---|
| **Ayeyarwady** | U Aung Kyaw Khaing | Male | NLD | **57** |
| **Bago** | U Khin Maung Yin | Male | NLD | **69** |
| **Chin** | U Zo Bwal | Male | NLD | **58** |
| **Kachin** | U Tun Tin | Male | NLD | **72** |
| **Kayah** | U Hla Htwe | Male | NLD | **52** |
| **Kayin** | U Saw Chit Khin | Male | NLD | **61** |
| **Magway** | U Tar | Male | NLD | **68** |
| **Mandalay** | U Aung Kyaw oo | Male | NLD | **60** |
| **Mon** | Daw Tin Ei | Female | NLD | **70** |
| **Rakhine** | U San Kyaw Hla | Male | Arakan National Party | **63** |
| **Sagaing** | U Than | Male | NLD | **63** |
| **Shan** | U Sai Lone Saing | Male | USDP | **69** |
| **Taninthayi** | U Khin Maung Aye | Male | NLD | **60** |
| **Yangon** | U Tin Maung Htun | Male | NLD | **65** |

**ပုံ (၁) တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏ နောက်ခံအချက်အလက်များ**

| State/ Region | Name | Gender | Party | Age |
|---|---|---|---|---|
| Ayeyarwady | U Aung Kyaw Khaing | Male | NLD | 57 |
| Bago | U Khin Maung Yin | Male | NLD | 69 |
| Chin | U Zo Bwal | Male | NLD | 58 |
| Kachin | U Tun Tin | Male | NLD | 72 |
| Kayah | U Hla Htwe | Male | NLD | 52 |
| Kayin | U Saw Chit Khin | Male | NLD | 61 |
| Magway | U Tar | Male | NLD | 68 |
| Mandalay | U Aung Kyaw oo | Male | NLD | 60 |
| Mon | Daw Tin Ei | Female | NLD | 70 |
| Rakhine | U San Kyaw Hla | Male | Arakan National Party | 63 |
| Sagaing | U Than | Male | NLD | 63 |
| Shan | U Sai Lone Saing | Male | USDP | 69 |
| Taninthayi | U Khin Maung Aye | Male | NLD | 60 |
| Yangon | U Tin Maung Htun | Male | NLD | 65 |

**Figure (1) State and Region Hluttaw Speakers' Background Data**

## Age

The average age of all speakers is 63. The oldest is U Tun Tin, the speaker of Kachin State Hluttaw, and is 72 years old as of 2016. Meanwhile, U Hla Twe from Kayah State Hluttawis the youngest at the age of 52 years. Most speakers are between the ages of 56 and 60.





**Figure (2) State and Region Hluttaw Speakers' Ages**

